HEALTH
UNIVERSITY OF UTAH

**ရရှိနိုင်သော ငွေကြေးထောက်ပံ့မှုအကြောင်း ရိုးရှင်းသောအသုံးအနှုန်းများဖြင့် အနှစ်ချုပ်ရေးသားချက်**

Utah တက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှု (UUHC) ငွေကြေးထောက်ပံ့ရေးမူဝါဒအရ သင်၏ ငွေတောင်းခံလွှာကို တစိတ်တပိုင်း သို့မဟုတ် အပြည့်အဝလျှော့ပေါ့ပေးရန်အတွက် သင် သတ်မှတ်ချက်ပြည့်မီနိုင်သည်။

သတ်မှတ်ချက်ပြည့်မီရန်မှာ ဖက်ဒရယ် ဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် နှိုင်းယှဉ်လျက် (၃၀၀% အထိ) သင်၏ အိမ်ထောင်စုအရွယ်အစားနှင့် ဝင်ငွေစုစုပေါင်းအပေါ် မူတည်သည်။ သတ်မှတ်ချက်ပြည့်မီကြောင်း ဆုံးဖြတ်နိုင်ရန်အတွက် သင်၏ အိမ်ထောင်စုဝင်ငွေ အတည်ပြုချက်ကို လိုအပ်သည်။

UUHC သည် ကျွန်ုပ်တို့၏ ငွေကြေးထောက်ပံ့မှုမူဝါဒနှင့် လျှောက်လွှာပုံစံများ၏ မိတ္တူများကို အခမဲ့ပေးအပ်သည်။ ထိုပုံစံများကို တောင်းဆိုမှုရှိပါက ဘာသာစကားပေါင်းများစွာဖြင့် ရရှိနိုင်သည်။ ငွေကြေးထောက်ပံ့မှုလျှောက်ထားရန်အတွက် သင့်အနေဖြင့် ငွေကြေးထောက်ပံ့မှုလျှောက်လွှာပုံစံကို ဖြည့်စွက်ရမည်။ လျှောက်ထားမှုလုပ်ငန်းစဉ်တစ်လျှောက်တွင် သင့်ကို ကူညီပေးနိုင်ရန် ဝန်ထမ်းများလည်း ရှိသည်။

လျှောက်လွှာကို ရယူရန်နှင့် ပေးပို့ရန်အတွက် အောက်ပါရွေးချယ်စရာနည်းလမ်းများ ရှိသည်။

- စာတိုက် PO Box 841482, Los Angeles, CA 90084-1482
- လူကိုယ်တိုင် 127 S 500 E Suite 100, SLC UT 84102 သို့မဟုတ် မည်သည့် UUHC တည်ရှိရာနေရာမဆို
- အွန်လိုင်း http://healthcare.utah.edu/bill
- အီးမေးလ် Billing@healthcare.utah.edu
- တယ်လီဖုန်း 801-587-6303, 1-800-862-4937

အရေးပေါ် သို့မဟုတ် ဆေးဝါးကုသမှုအရ လိုအပ်သော ပြုစုစောင့်ရှောက်မှုအတွက် သင့်ကို အာမခံရှိသော လူနာများထက် ငွေကြေးပိုမိုကောက်ခံမည်မဟုတ်ပါ။